# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## (၁၆) ရက်မြောက်နေ့ အစီအစဉ်

## [ ၂၇- ၇ - ၂၀၁၂ ]

## ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **နိုင်ငံတော်ပိုင် အဆောက်အဦများ ထုခွဲရောင်းချမှု၊ ကျန်ရှိနေမှု၊ ဝန်ကြီးဌာနအလိုက်ပုဂ္ဂလိကသို့ လွှဲပြောင်းပေးမှု အခြေအနေတို့နှင့် ပတ်သက်၍ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှု၊ ရရန်ကျန်ရှိနေမှုနှင့် ရရန်ကျန်ရှိနေမှုများအပေါ် အရေးယူ ဆောင်ရွက်ထားမှု အခြေအနေတို့ကို သိရှိလိုခြင်း** နှင့် **၂၀၁၁ ခုနှစ်မှစ၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခဲ့သော မော်တော်ယာဉ်များအပေါ် ထုခွဲရောင်းချမှု၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေရရှိမှုတို့နှင့် မော်တော်ယာဉ် လက်ကျန်အခြေအနေတို့ကို** သိရှိ လိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအောင်ချိုဦး၊ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)၏ **ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများ ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)၏ **ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ နင်းကြမ်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသက်လင်း၊ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)၏ **ညောင်တုန်းမြို့နယ်၊ ကြိမ်ပင်ဆယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **အရန်ဆန်တန်(၁)သန်း ဝယ်ယူသွားမည့် လုပ်ငန်းအစီအစဉ်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **နိုင်ငံတော်အတွင်းသို့ တရားမဝင် (မှောင်ခိုနည်းလမ်းစုံဖြင့်) အခွန်မဲ့ ဝင်ရောက်လာသော လူသုံးကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ စစ်ဆေးဖော်ထုတ် အရေးယူမှုများကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီက ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော် ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။